# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 2/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်ပြည်နယ်

မတ်(၂)ရက်နေ့မနက်(၈:၃၀)နာရီခန့်က မြဝတီမြို့နယ်၊လေးကေ့ကော်ဒေသ၊ဖလူးကြီးကျေးရွာတွင် စကစတပ်နှင့်နယ်ခြားစောင့်တပ်(BGF)မှ ရသေ့ဂူစစ်စခန်းကို စစ်ကြောင်းထိုးရာ KNLAဦးဆောင်သောတပ်ပေါင်းစုနှင့်တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား(၅)ဦး မိုင်းနင်းမိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

### မွန်ပြည်နယ်

မတ်(၂)ရက်နေ့မနက်(၁၀)နာရီခန့်က မော်လမြိုင်မြို့နယ်မှ ထွက်လာသော စကစရိက္ခာတင် ရထားတွဲအား သထုံမြို့နယ်၊သထုံဘူတာအဝင်နားတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့(သထုံ)ရဲဘော်များမှ မိုင်းဆွဲတိုက်ခိုက်ရာ ရထားရပ်တန့်သွားပြီး အထိခိုက်ကိုစုံစမ်းနေဆဲဖြစ်သည်။နေ့လယ်(၁၂:၂၀)နာရီတွင်လည်း (၄၀၂)အမြောက်တပ်ဂိတ်သို့ လက်နက်ကြီးဖြင့် (၅)ချက် သွားရောက်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

### ချင်းပြည်နယ်

မတ်(၂)ရက်နေ့က ဖလမ်းမြို့နယ်၊ဖလမ်း-ဟားခါးလမ်းပေါ်ရှိ ရမ်ထလိုရွာနှင့်ဒုတ်ထစ်(Dokthek Khua) ကျေးရွာကြားတွင် စကစတပ်နှင့်ချင်းပူပေါင်းကာကွယ်ရေးတပ်များ တိုက်ပွဲပြင်းထန်နေပြီး ထိခိုက်ကျဆုံးမှုကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

မတ်(၁)ရက်နေ့ည(၉:၄၅)နာရီခန့်က ဒီပဲယင်းမြို့နယ်ရဲစခန်းကို ကောင်းကင်၊ စွယ်တော်၊ ဇာမဏီ မဟာမိတ်(၃)ဖွဲ့ပူးပေါင်းကာ မိုင်း(၇)လုံးဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ရဲစခန်းဘက်မှ သေနတ်များဖြင့် ဆက်တိုက်ပစ်ခတ်ခဲ့ပြီး လူနာတင်ယာဉ်များလည်း ရဲစခန်းအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

### မန္တလေးတိုင်း

မတ်(၂)ရက်နေ့နေ့လယ်(၃:၃၀)နာရီခန့်က မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာဆိပ်ကမ်းတွင် တပ်စွဲထားသည့် သံချပ်ကာကား (၁)စီး၊ Flat (၃)စီးပါ စစ်သင်္ဘောအား CDSOM MUA မြောင်တပ်ရင်း၊ ပြောက်ကျား လင်းယုန်နှင့်မဟာမိတ်အဖွဲ့များဖြစ်သည့် BGF ၊ နွားလုံးလှ၊ တလုတ် PDF ၊ 27 Revolution Force၊ Myinmu Civil Revolution Force တို့မှ (၁၅)မိနစ်ကြာ တိုက်ခိုက်ခဲ့ရာ စကစတပ်သား (၁၉)ဦး သေဆုံးခဲ့ပြီး သာဒွန်းကျေးရွာမှ ရွာသူ(၁)ဦး ပေါင်တွင် ကျည်ထိမှန်ဒဏ်ရာရခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၁)ရက်နေ့ညနေ(၄:၃၀)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံ၊ ကွန်းတောရပ်ကွက်မှ စကစတပ်များက တင့်ကားဖြင့်ပစ်ခတ်ရာ ဒေါကမီးရွာအနီးရှိ ပြည်သူအိမ်အများအပြား ထိမှန်သွားကြောင်းသိရသည်။

### ချင်းပြည်နယ်

မတ်(၁)ရက်နေ့က ဖလမ်းမြို့နယ်၊တားလ်ရွာနှင့်ထလန်ဇာရွာကြားတွင် စကစတပ်မှ ပြည်သူတစ်ဦးကို မျက်စိဖောက်၊ လည်လှီးသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

မတ်(၁)ရက်နေ့ည(၈)နာရီခန့်က ဝက်လက်မြို့နယ်၊ ကျောက်တိုင်ကျေးရွာသို့ ခလရ(၄၂)တပ်မှ စကစတပ်သားများ ရဟတ်ယာဉ်(၄)စီးဖြင့် လာရောက်၍ ရွာအားပိတ်ဆို့ထားပြီး ပြည်သူများအား ဖမ်းဆီးခဲ့သည်။ စကစတပ်သားများက ကျေးရွာစာသင်ကျောင်းနှင့်ဘုန်းကြီးကျောင်းတွင် ယောက်ျားလေးများကို ဖမ်းဆီးရိုက်နှက်စစ်ဆေးလျက်ရှိပြီး ဒေါက်တာနိုင်အောင်၏နေအိမ်နှင့်တခြားနေအိမ်(၁)လုံး ဖျက်ဆီးခဲ့ကာ တစ်အိမ်တက် တစ်အိမ်ဆင်း မွှေနှောက်ရှာဖွေခဲ့သည်။

### မန္တလေးတိုင်း

- မတ်(၂)ရက်နေ့မနက်(၈)နာရီခန့်က ချမ်းအေးသာစံမြို့နယ်၊(၃၁)လမ်း၊(၇၅)လမ်းနှင့်(၇၆)လမ်းကြား အောင်ဟိန်းအမည်ရှိ ချည်စော်ခါးအရက်ဆိုင်မှ လူ(၄)ဦးအား စကစများမှ လက်ပြန်ကြိုးတုပ် ဖမ်းဆီးထားခဲ့သည်။
- မတ်(၁)ရက်နေ့က တောင်သာမြို့နယ်၊ ဇဂျမ်းရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်သူ အသက်(၂၀)အရွယ် ကိုစနေကြီး၏ ဖုန်းထဲတွင် ဒေါ်အောင်ဆန်းစုကြည်ပုံတွေ့သဖြင့် စကစများက ဖမ်းဆီးသွားကြောင်း သိရသည်။

### ပဲခူးတိုင်း

မတ်(၂)ရက်နေ့မနက်ပိုင်းက ဖြူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေးဝင်း အိမ်ကို စကစများက ချိတ်ပိတ်သွားခဲ့သည်။

### တနင်္သာရီတိုင်း

မတ်(၁)ရက်နေ့က တနင်္သာရီမြို့နယ်၊ ပဝရွာရှိ ပြည်သူပိုင်နေအိမ်များကို စကစတပ်မှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။